## ရက်စွဲမှတ်တမ်း

### ၂၃.၅.၂၀၁၈

အဋ္ဌမပုံမှန်အစည်းအဝေး၊ ဆဋ္ဌမနေ့၊ မေးခွန်းအမှတ်စဉ် - ၆ ကြယ်ပွင့်ပြ (၂) ခု၊ မေးခွန်းအမှတ်စဉ် - ၇ သစ်တော်ဥပဒေကြမ်းဆွေးနွေး(၃) ဦး၊ မေးခွန်းအမှတ်စဉ် - ၈ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း အစီရင်ခံစာဖတ် (၁)ဦး။

### ၂၅.၅.၂၀၁၈

အဋ္ဌမပုံမှန်အစည်းအဝေး၊ သတ္တမနေ့၊ မေးခွန်းအမှတ်စဉ် -၅ ကြယ်ပွင့်ပြ (၂) ခု၊ မေးခွန်းအမှတ်စဉ် -၆ သစ်တောဥပဒေကြမ်းဆွေးနွေး(၈)ဦး၊ မေးခွန်းအမှတ်စဉ် - ၇ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းဆွေးနွေး (၁) ဦး။

### ၂၉.၅.၂၀၁၈

အဋ္ဌမပုံမှန်အစည်းအဝေး၊ အဋ္ဌမနေ့၊ မေးခွန်းအမှတ်စဉ် - ၅ ကြယ်ပွင့်ပြ (၃)ခု၊ မေးခွန်းအမှတ်စဉ် - ၆ အဆိုဆွေးနွေး(၆)ဦး။

### ၃၀.၅.၂၀၁၈

အဋ္ဌမပုံမှန်အစည်းအဝေး၊ နဝမနေ့၊ မေးခွန်းအမှတ်စဉ်-၅ ကြယ်ပွင့်ပြ (၃)ခု၊ မေးခွန်းအမှတ်စဉ် -၆ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဆိုင်ရာဥပဒေကြမ်း အစီရင်ခံစာဖတ် (၁)ဦး။

### ၁.၆.၂၀၁၈

အဋ္ဌမပုံမှန်အစည်းအဝေး၊ ဒသမနေ့၊ မေးခွန်းအမှတ်စဉ် - ၅ ကြယ်ပွင့်ပြ (၆) ခု၊ မေးခွန်းအမှတ်စဉ် - ၆ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ဆွေးနွေး(၁)ဦး၊ မေးခွန်းအမှတ်စဉ်- ၈ ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေကြမ်း အစီရင်ခံစာဖတ် (၁)ဦး၊ မေးခွန်းအမှတ်စဉ်-၁၂ အဆိုထောက်ခံ (၁) ဦး။

### ၄.၆.၂၀၁၈

အဋ္ဌမပုံမှန်အစည်းအဝေး၊ ၁၁ ရက်မြောက်နေ့၊ မေးခွန်းအမှတ်စဉ် - ၅ ကြယ်ပွင့်ပြ (၆) ခု။

### ၆.၆.၂၀၁၈

အဋ္ဌမပုံမှန်အစည်းအဝေး၊ ၁၂ ရက်မြောက်နေ့၊ မေးခွန်းအမှတ်စဉ်- ၅ ကြယ်ပွင့်ပြ (၅) ခု၊ မေးခွန်းအမှတ်စဉ်- ၇ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအစီရင်ခံစာဖတ် (၁) ဦး။

(၂၂.၅.၂၀၁၈) ရက်နေ့မှ (၆.၆.၂၀၁၈) ရက်နေ့အထိ

- သစ်တောဥပဒေကြမ်းဆွေးနွေးခြင်း၊
- အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း အစီရင်ခံစာဖတ်ကြားခြင်း၊
- ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်း အစီရင်ခံစာဖတ်ကြားခြင်း၊
- မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းဆွေးနွေးခြင်း၊
- ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေကြမ်း အစီရင်ခံစာဖတ်ဖတ်ကြားခြင်း၊
- တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း အစီရင်ခံစာဖတ်ကြားခြင်း၊
- ကြယ်ပွင့်ပြမေးခွန်း (၂၇) ခု ဆွေးနွေးခြင်း၊
- အမျိုးသားလွှတ်တော်သို့ ပြည်တွင်းပြည်ပဧည့်သည် (၄၆၉) ဦး လာရောက်လေ့လာ။

အမျိုးသားလွှတ်တော်သတင်းများအား အမျိုးသားလွှတ်တော် website; www.amyotha.hluttaw.mm တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

အမျိုးသားလွှတ်တော်



# Info Note Vol (3)

( ၂၂.၅.၂၀၁၈ ) ရက်နေ့မှ ( ၆.၆.၂၀၁၈) ရက်နေ့အတွင်း အမျိုးသားလွှတ်တော်၏ လှုပ်ရှားဆောင်ရွက်မှု သတင်း အနှစ်ချုပ် ဖြစ်ပါသည်။

| | |
|---|---|
| ပြည်သူ့အသံ | လွှတ်တော်အသံ |
| ပြည်သူ့ဆန္ဒ | လွှတ်တော်ဆန္ဒ |
| ပြည်သူတို့မျှော်လင့်ချက် | လွှတ်တော်ကဖော်ဆောင်ရွက် |

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ စပိန်သံအမတ်ကြီး H. E. Mr. Emilio De Miguel Calabia အား လက်ခံတွေ့ဆုံ



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ စပိန်သံအမတ်ကြီး H. E. Mr. Emilio De Miguel Calabia အား (၃၀-၅-၂၀၁၈) ရက်နေ့(၁၃:၀၀) နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် စပိန် - မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံ လွှတ်တော်များ ဖွဲ့စည်းမှု၊ လုပ်ငန်းစဉ်များ နှင့်စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။ အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အမျိုးသားလွှတ်တော်ရုံး၊ သုတသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ ထုတ်ဝေပါသည်။

## ကော်မတီများ၏ လှုပ်ရှားမှုများ

- အမျိုးသားလွှတ်တော်၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့နှင့် (၂၉.၅.၂၀၁၈) ရက်နေ့ (၁၃:၀၀) နာရီ အချိန်တွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်၊ ရေးရာဆောင်အမှတ် (I-15) ကော်မတီအစည်းအဝေးခန်းမ၌ အစည်းအဝေးကျင်းပ ပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် လူမှုဖူလုံရေးအဖွဲ့၏ လတ်တလောဆောင်ရွက်နေသည့် အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

- အမျိုးသားလွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီနှင့် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီတို့အား Asian Development Bank(ADB) မှ Country Director Mr.Newin Sinsiri ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့က (၂၉.၅.၂၀၁၈) ရက်နေ့ (၁၃:၀၀) နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ရေးရာဆောင်အမှတ် (I-18) အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံခဲ့ပါသည်။
- အမျိုးသားလွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ၎င်းဝန်ကြီးဌာနနှင့် MOU လက်မှတ်ရေးထိုးထားသော INGOs အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၃၀.၅.၂၀၁၈) ရက်နေ့ (၁၃:၀၀) နာရီအချိန်တွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်၊ ရေးရာဆောင်အမှတ်(I-18) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။
- အမျိုးသားလွှတ်တော်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ကဏ္ဍမှ တာဝန်ရှိပုဂ္ဂိုလ်များက (၃၀.၅.၂၀၁၈) ရက်နေ့ (၁၄:၀၀)နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်၊ ရေးရာဆောင်အမှတ် (I-17) အစည်းအဝေးခန်းမ၌ လာရောက်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။
- အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေး ဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာမြသောင်းနှင့် ကော်မတီဝင်များအား မေ့စွမ်းရည် (Women Can Do It -WCDI) အဖွဲ့က (၃၀.၅.၂၀၁၈) ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးပြီးချိန်တွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်၊ ရေးရာဆောင်အမှတ် (I-18) ကော်မတီ အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံခဲ့ပါသည်။
- အမျိုးသားလွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ ၎င်းဝန်ကြီးဌာနနှင့် MOU လက်မှတ်ရေးထိုးထားသော INGOs အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၃၁.၅.၂၀၁၈) ရက်နေ့ (၁၃:၀၀) နာရီ အချိန်တွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်၊ ရေးရာဆောင်အမှတ် (I-18) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။
- အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌဒေါက်တာမြသောင်းနှင့် ကော်မတီအဖွဲ့ဝင်များအား ILO ၏ Ms. Kimberly Beth Rogovin (International Consultant) နှင့် ဒေါ်အိမွန်ဝင်း (Monitoring and Evaluation Officer) တို့က (၆.၆.၂၀၁၈) ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၀၈:၃၀) နာရီအချိန်တွင် အမျိုးသားလွှတ်တော်၊ ရေးရာဆောင်အမှတ်(I-18) ကော်မတီ အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံခဲ့ပါသည်။
- အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၆.၆.၂၀၁၈) ရက်နေ့ (၁၀:၀၀) နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်၊ ကော်မတီရေးရာဆောင်အမှတ်(၂၀) အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ကော်မတီဝင်များ၊ သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါ သည်။
- အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၆.၆.၂၀၁၈)ရက်နေ့ (၁၃:၀၀) နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်၊ ကော်မတီ ရေးရာဆောင်အမှတ်(၂၀) အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ကော်မတီဝင်များ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါ သည်။
- အမျိုးသားလွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီအစည်းအဝေးကို (၆.၆.၂၀၁၈) ရက်နေ့ (၁၁:၃၀) နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ရေးရာဆောင်အမှတ် (I-18) အပေါ်ထပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။







